# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 16 , 2022 — Volume 61, Number 12


၁၆.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၇၈၀၀၀ |
| ဒေါ်လာဈေး | = ၂၈၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၅၀၁၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၀၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ယခုဘဏ္ဍာနှစ်တွင် ပုလဲမွေးမြူရေးစခန်းများက မွေးမြူရေးပုလဲများ လျာထားချက်ထက်ကျော်လွန် ထုတ်လုပ်နိုင်မည်



Source: ရတနာပုံသတင်းစာ

တနင်္သာရီတိုင်းဒေသကြီးရှိ ပုလဲမွေးမြူရေးစခန်းများမှ ယခုဘဏ္ဍာနှစ်တွင် မွေးမြူရေးပုလဲများကို လျာထားချက်ထက်ကျော်လွန်၍ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်း၏ သတင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပုလဲမွေးမြူရေးစခန်းများက ပုလဲအလေးချိန် မိုမီ ၆၉၉၅၀၀ ထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်နေပြီး အဆိုပါဆောင်ရွက်မှုများအရ ယခုဘဏ္ဍာနှစ် ဧပြီလမှအောက်တိုဘာလအထိ ပုလဲ ၇၉၂၂၉၈ လုံး၊ အလေးချိန်အားဖြင့် ၄၆၈၀၁၉ ဒသမ ၈၈ မိုမီအထိ ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ထုတ်လုပ်ရန်လျာထားမှု၏ ၆၇ ရာခိုင်နှုန်းအထိရှိနေသောကြောင့် ယခုဘဏ္ဍာနှစ်တွင် လျာထားချက်ထက်ကျော်လွန်၍ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် မြန်မာ့ပုလဲမွေးမြူထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကာ တနင်္သာရီတိုင်းဒေသကြီးအတွင်း မုတ်ကောင်သားဖောက်မွေးမြူသည့်လုပ်ငန်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်း၊ ပုလဲမွေးမြူသည့်လုပ်ငန်းနှင့် ပုလဲဖော်ယူသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အရည်အသွေးကောင်းမွန်သည် ရွှေရောင်ငွေရောင်ပုလဲများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေပြီး မုတ်ကောင်မွေးမြူသည့် ပညာရှင်များက မျိုးကောင်းမျိုးသန့်မိခင် မုတ်ကောင်များ ရွေးချယ်စုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်သားဖောက် အစာမွေးမြူခြင်း၊ မုတ်ကောင်သားပေါက်များ ရေချမွေးမြူထိန်းသိမ်းခြင်း၊ တည်ငြိမ်သော အရည်အသွေးမြင့်ပုလဲများကို ရေရှည်တည်တံ့ခိုင်မြဲစွာထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုများအရ အရည်အသွေးကောင်းမွန်သည့် ရွှေရောင်၊ ငွေရောင်ပုလဲများ၊ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သည့် ပုလဲများထုတ်လုပ်နိုင်ရေးနှင့်ပုလဲကဏ္ဍ ယခုထက် ပိုမိုတိုးတက်မြင့်မားစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ဖက်စပ်ပုလဲမွေးမြူထုတ်လုပ်ရေးဆောင်ရွက်နေသည့်ကုမ္ပဏီများက ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း

သိရသည်။

Source: ရတနာပုံသတင်းစာ

## မုံရွာမြို့တွင်အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပဲစင်းငုံ၊ ပြောင်းနီ၊ CP၊ မတ်ပဲ၊ စိမ်းကြီး၊ 929နှင့် ကုဖြူလုံးဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး ပဲကြီး၊ စိမ်းသေးဈေးနှုန်းများ ကျဆင်းသွားပါသည်။ ယခုတစ်ပတ်အတွင်း သီးနှံပေါက်ဈေးနှုန်းများမှာ ပဲစင်းငုံတစ်တင်း (၅၈၀၀၀) ကျပ်၊ မတ်ပဲတစ်တင်း (၅၈၀၀၀) ကျပ် နှင့်ပဲတီစိမ်း(ကြီး) တစ်တင်း (၄၃၀၀၀-၄၆၀၀၀)ကျပ်၊ ပဲတီစိမ်း(သေး) တစ်တင်း (၃၆၀၀၀-၃၇၅၀၀) ကျပ်ပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပဲစင်းငုံတစ်တင်းလျှင် (၅၅၀၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၆၀၀၀)ကျပ်နှင့် ပဲတီစိမ်း(ကြီး) တစ်တင်းလျှင် (၃၈၀၀၀-၄၂၀၀၀)ကျပ်၊ ကျပ်၊ ပဲတီစိမ်း (သေး) (၃၇၀၀၀-၃၉၀၀၀) ကျပ်ပေါက်ဈေးရှိ၍ ယခင်တစ်ပတ်နှင့် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ပဲစင်းငုံတစ်တင်းလျှင် (၃၀၀၀) ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၂၀၀၀) ကျပ်၊ ပဲတီစိမ်း(ကြီး) တစ်တင်းလျှင် (၄၀၀၀)ကျပ်မြင့်တက်လာပါသည်။ ပဲတီစိမ်း (သေး) ဈေးနှုန်းများ အနည်းငယ်ကျဆင်းသွားကြောင်းသိရသည်။ ပဲကြီးတစ်တင်းလျှင် (၇၇၅၀၀-၇၈၀၀၀)ကျပ်ရှိပြီး ယခင်တစ်ပတ်ကာလတူပေါက်ဈေးနှုန်းမှာ ပဲကြီးတစ်တင်းလျှင် (၇၈၀၀၀-၇၉၀၀၀)ကျပ် ယခင်တစ်ပတ်နှင့်ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက ပဲကြီးဈေး အနည်းငယ်ကျဆင်းသွားကြောင်းသိရသည်။

ကုလားပဲ (မျိုးစုံ) ပေါက်ဈေးနှုန်းမှာ ကုဖြူလုံးကြီး တစ်တင်းလျှင် (၆၄၀၀၀)ကျပ်၊ ကုဖြူလုံးသေး (၆၄၀၀၀) ကျပ်၊ 929 (၅၉၅၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုဖြူလုံးကြီး တစ်တင်းလျှင် (၆၃၀၀၀)ကျပ်၊ ကုဖြူလုံးသေး (၆၂၅၀၀) ကျပ်၊ 929 (၅၈၅၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခင်ပတ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက 929နှင့် ကုဖြူလုံး အနည်းငယ်မြင့်တက်လာကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း ပြောင်းနီတစ်တင်းလျှင် (၂၀၀၀၀)ကျပ်၊ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၂၀၂၀၀)ကျပ် ပေါက်ဈေးရှိသည်။ ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပြောင်းနီတစ်တင်းလျှင် (၁၉၅၀၀) ကျပ်၊ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၁၉၅၀၀)ကျပ်ရှိ၍ ယခင်ပတ်ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက ဝယ်လိုအားမြင့်တက်လာပါသဖြင့် ပြောင်းနီအနည်းငယ်မြင့်တက်လာကြောင်းသိရပါသည်။

Source: ဇေယျာကုန်သွယ်မှုဇဟိုဌာန

## ဒီဇင်ဘာလဒုတိယပတ် မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးအေးနေ

မန္တလေးကုန်စည်ဒိုင်သို့ နွားထိုး၊ အောင်လံ၊ မြင်းမူဘက်မှမြေပဲပြန့်ဆန်များ၊ ရှမ်းပြည်နယ်ဘက်မှ ရှမ်းမြေပဲများ ဝင်ရောက်လျက်ရှိကြောင်း၊ အညာကျွန်းဘက်မှ စိုက်ပျိုးမည့်မျိုးမြေပဲများဝယ်ယူနေပြီး၊ ဆီဆန်များကို ဆီစက်များမှဝယ်ယူလျက်ရှိကြောင်းသိရသည်။

**မြေပဲလုံးဆန်(ဖြူ)**တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၅၃၀၀ မှ ၅၁၀၀၊ ယခင်တစ်ပတ် ကျပ် ၅၄၅၀ မှ ၅၃၀၀၊ ယခင်လ ကျပ် ၅၄၀၀ မှ ၅၃၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၁၅၀ မှ ၂၀၀၊ ယခင်လထက်ကျပ် ၁၀၀ မှ ၂၀၀ နိမ့်ကျလာသည်။

**မြေပဲလုံးဆန်(အနီ)**တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၅၅၀၀ မှ ၅၈၀၀ ၊ ယခင်တစ်ပတ် ကျပ် ၅၅၀၀ မှ ၅၈၀၀၊ ယခင်လ ကျပ် ၅၇၀၀ မှ ၆၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက်ကျပ် ၂၀၀ နိမ့်ကျလာသည်။

**မြေပဲ(ဆီဆန်)** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၄၆၀၀ မှ ၄၇၀၀ ယခင်တစ်ပတ် ကျပ် ၄၈၀၀ မှ ၅၀၀၀၊ ယခင်လကျပ် ၄၈၀၀ မှ ၅၁၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၃၀၀၊ ယခင်လထက်ကျပ် ၂၀၀ မှ ၄၀၀ နိမ့်ကျလာသည်။

Source: ရတနာပုံကုန်သွယ်မှုဇဟိုဌာန

## ကြက်သွန်နီဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြက်သွန် စိုက်ဧကမှာ (၂၀၀၀)ကျော် စိုက်ပျိုးပြီးစီး၍ ယနေ့အထိ ဧကပေါင်း (၁၆၀၀)ကျော် ရိတ်သိမ်းပြီးကြောင်းသိရသည်။ မုံရွာပွဲရုံသို့ မိုးကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး နေ့စဉ်ပိဿာချိန် ၁၀၀၀၀ ခန့် ဝင်ရောက်လျှက်ရှိပါသည်။ မုံရွာမြို့ ပွဲရုံများသို့ ဝင်ရောက်လာသော ကြက်သွန်နီများကို ဒေသတွင်း အဆွဲများ ရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့်ချင်းတွင်းအထက်မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်းသိရပါသည်။

ယခုတစ်ပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျှက်ရှိသော မိုးကြက်သွန်နီအသစ် ပေါက်ဈေးနှုန်းများမှာ လက်ကား တစ်ပိဿာပေါက်ဈေးနှုန်းများမှာ (ကြီး) (၃၃၀၀-၃၄၀၀)ကျပ်၊ (လတ်) (၂၈၀၀-၃၀၀၀)ကျပ်၊ (သေး) (၂၅၀၀-၂၇၀၀)ကျပ်၊ အသေးဆုံးအစမှာ (၁၀၀၀-၁၃၀၀)ကျပ်နှုန်းနှင့် အလုံးဆိုက် အကြီးအသေး၊ အစိုအခြောက် အရောင်အသွေးပေါ် မူတည်၍ ဈေးနှုန်းများကွာခြားမှုရှိပါသည်။ မိုးကြက်သွန်နီ လက်လီဈေးနှုန်းများမှာ (ကြီး) (၃၅၀၀-၃၈၀၀) ကျပ်၊ (လတ်) (၃၀၀၀-၃၄၀၀) ကျပ်၊ (သေး) (၂၇၀၀-၃၀၀၀)ကျပ်ရှိပါသည်။ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ပွဲစား၊ လှောင်လက်များ အဝယ်နည်းနေသဖြင့် ဈေးအနည်းငယ် ဈေးကျလျက်ရှိပါသည်။ ကြက်သွန်ဖြူ လက်လီဈေးမှာ (ဗမာ) (၅၀၀၀-၆၀၀၀)ကျပ်၊ (ရှမ်းစ) (၄၅၀၀-၅၀၀၀)ကျပ်၊ ကြူကုတ် (၅၅၀၀-၆၀၀၀) ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါသည်။

**Source: ဇေယျာကုန်သွယ်မှုဗဟိုဌာန**

## မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ဈေးအေးနေ

ဒီဇင်ဘာလ ဒုတိယပတ် မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မတ္တရာဘက်မှ ပြောင်းဖူးစေ့များ ဝင်ရောက်နေပြီး၊ ပြည်ပတင်ပို့မှုမရှိပဲ တိရိစ္ဆာန်အစာတောင့်စက်ရုံများမှလည်း ဝယ်ယူမှုအေးနေသောကြောင့် ဈေးအေးနေကြောင်းသိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၅၄ ပိဿာဝင်သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၅၀၀၀ မှ ၅၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၅၀၀၀ မှ ၅၇၀၀၀ ၊ ယခင်လ ကျပ် ၅၈၀၀၀ မှ ၅၉၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀ ၊ ယခင်လထက်ကျပ် ၃၀၀၀ နိမ့်ကျလာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၆၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၅၆၀၀၀ မှ ၅၇၀၀၀၊ ယခင်လ ကျပ် ၅၈၀၀၀ မှ ၅၉၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀၊ ယခင်လထက်ကျပ် ၂၀၀၀ မှ ၃၀၀၀ နိမ့်ကျလာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၄၀၀၀ မှ ၅၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၅၀၀၀ မှ ၅၆၀၀၀၊ ယခင်လ ကျပ် ၅၆၅၀၀ မှ ၅၇၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၊ ယခင်လထက် ကျပ် ၂၀၀၀ မှ ၂၅၀၀ နိမ့်ကျလာသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်နှင့်ဘိလပ်မြေတင်ပို့သည့် သင်္ဘောအစီးရေတိုးလာ



Source: ရတနာပုံသတင်းစာ

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်နှင့် ဘိလပ်မြေတင်ပို့သည့် သင်္ဘောအစီးရေတိုးလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေယာဉ်များ သွားလာရာတွင် ရေလမ်းကြောင်းကောင်းမွန်လျက်ရှိကြောင်း၊ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်နှင့်ဘိလပ်မြေတင်ပို့သည့်သင်္ဘောများ သွားလာရာတွင်

လည်း အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း၊ ရေကြောင်းကောင်းသည့်အပြင် ကုန်ကြမ်းရရှိမှုလည်း များပြားလာသောကြောင့် ကျောက်စရစ်နှင့် ဘိလပ်မြေတင်ပို့သည့် သင်္ဘောတိုးလာကြောင်း သိရသည်။

“အခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်ကိုတင်ပို့မဲ့ ကုန်ကြမ်းဖြစ်တဲ့ ကျောက်စရစ်နဲ့ ဘိလပ်မြေတွေ တော်တော်လေးများလာတယ်။ ဒီဆိပ်ကမ်းကနေ ကျောက်စရစ်၊ ဘိလပ်မြေအပြင် ကျောက်မီးသွေးတင်ပို့မှုတွေလည်း ရှိပါတယ်” ဟု ဦးဝင်းမောင်ကပြောပြသည်။

ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်နှင့် ဘိလပ်မြေတင်ပို့ရာတွင် ဒီဇင်ဘာလ ပထမပတ်အတွင်းက သင်္ဘောအစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း ယခုအခါ ကုန်ကြမ်းရရှိမှု များပြားလာခြင်းကြောင့် ကျောက်စရစ်နှင့်ဘိလပ်မြေတင်ပို့သည့် သင်္ဘောအစီးရေ ၁၀၀ ကျော်အထိရှိလာကြောင်း သိရသည်။

“အခု ရွှေကြက်ယက်ဆိပ်ကမ်းမှာက ကုန်ကြမ်းရရှိမှုက တော်တော်လေးအားကောင်းလာတယ်။ အခုလတ်တလောကတော့ ကျောက်စရစ်နဲ့ဘိလပ်မြေက တင်ပို့မှုအများဆုံးဖြစ်နေတယ်” ဟု ဦးဝင်းမောင်က ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေ



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယာယီရပ်နားခဲ့သည့် ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများကို ဒီဇင်ဘာလဒုတိယပတ်မှစတင်၍ ပြန်လည်လုပ်ကိုင်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးတာဝန်ခံ ဦးဇော်ဇော်က ပြောပြ၍သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့်နှစ်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရေချိုပုစွန်မွေးမြူ ရေးလုပ်ငန်းများ ယာယီရပ်နားခဲ့ကြရကြောင်း၊ အဆိုပါ ယာယီရပ်နားခဲ့သည့် ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများကို ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ပြီး ပြန်လည်လုပ်ကိုင်နေကြောင်း သိရသည်။

“ကိုဗစ်-၁၉ ရောဂါတွေကဖြစ်၊ ကုန်ကျစရိတ်တွေက တစ်ဆနှစ်ဆများခဲ့လို့ ယာယီရပ်နားခဲ့ကြတာပါ။ လက်ရှိရောဂါကူးစက်ဖြစ်ပွားမှုကလည်း လျော့နည်းသွားပြီး ပုစွန်မွေးမြူတဲ့ အထွေထွေကုန်ကျ စရိတ်လည်း လျော့နည်းလာလို့ ပြန်လည်မွေးမြူတာပါ။ ယာယီရပ်နားခဲ့တဲ့ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်တွေ အားလုံးနီးပါး ပြန်လည်လုပ်ကိုင်တာတွေ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်မှာက ရေချိုပုစွန်က မွေးမြူထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ လက်ရှိဈေးကွက်အတွက်ကလည်း ကျွန်တော်တို့အသင်းက ချိတ်ဆက်ပေးထားပါတယ်။ မွေးမြူနည်းပညာတွေကတော့ မွေးမြူသူလုပ်ငန်းရှင်တွေက အတွေ့အကြုံရှိပြီးသားဖြစ်တယ်” ဟု ဦးဇော်ဇော်ကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယာယီရပ်နားခဲ့သည့် ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းကို ပြန်လည်လုပ်ကိုင်နေကြောင်း၊ အဆိုပါ ရေချိုပုစွန်မွေးမြူရေးကန် တစ်ကန်လျှင် စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ၁၀ သိန်းမှ ၁၃ သိန်းအထိရှိကြောင်း၊ ထွက်ရှိလာသည့် ပုစွန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသွားရန် ပုစွန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ထားပြီးဖြစ်ကြောင်း ၎င်းကပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ပထမ ၁၁ လအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အမေရိကန်ဒေါ်လာ ၃.၃၈ ဘီလီယံတန်ဖိုး တင်သွင်းခဲ့

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ပထမ ၁၁ လအတွင်း အမေရိကန်ဒေါ်လာ ၃.၃၈ ဘီလီယံတန်ဖိုးရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တင်သွင်းခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၅၈ ရာခိုင်နှုန်းနီးပါးတိုးလာကြောင်း ကမ္ဘောဒီးယားနိုင်ငံ၊ အကောက်ခွန်ဦးစီးဌာနမှ အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

ယခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလအတွင်း အရှေ့တောင်အာရှနိုင်ငံမှ တင်သွင်းသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပမာဏကို အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားခြင်းမရှိပေ။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ပင်လယ်ကြမ်းပြင်သည် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ထွက်ရှိမှုမရှိသေးသောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တင်သွင်းမှုအပေါ် လုံးလုံးလျားလျား မှီခိုနေရသည်။

ကမ္ဘောဒီးယားတွင် ရေနံထွက်ကုန်ဝယ်လိုအားသည် ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၂.၈ သန်းရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၄.၈ သန်းအထိ တိုးလာမည်ဟု ခန့်မှန်းထားကြောင်း ကမ္ဘောဒီးယားနိုင်ငံ၊ သတ္တုတွင်းနှင့်စွမ်းအင်ဝန်ကြီး Suy Sem က ပြောကြားခဲ့သည်။

ဝယ်လိုအားတိုးမြင့်လာမှုကို တုံ့ပြန်နိုင်ရန်အတွက် အဆိုပါကဏ္ဍတွင် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေကြောင်း ဝန်ကြီးကပြောကြားခဲ့ကြောင်း ရှင်းဟွာမှထုတ်ပြန်ခဲ့သော သတင်းဖော်ပြချက်အရ သိရှိရသည်။

Source: https://www.commerce.gov.mm

## ခရီးသွားလုပ်ငန်းပြန်လည်အသက်ဝင်လာစေရန် ကြိုးပမ်းနေသည့်ထိုင်းနိုင်ငံ

ဆိုးရွားစွာထိခိုက်ခဲ့ရသည့် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ယခုအခါပြန်လည်အသက်ဝင်လာပြီဖြစ်သည်။ ယခုနှစ်တွင် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ပြည်ပနိုင်ငံများမှ ခရီးသွားဦးရေသည် ၁၀ သန်း ကျော်ရှိသောကြောင့် အာဏာပိုင်များက မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်လာသည်ကိုတွေ့ရသည်။ ခရီးသွားလာရေးကဏ္ဍသည် နိုင်ငံအတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံအတွက်ဘဏ္ဍာငွေ အဓိကရှာဖွေပေး နေသည့် ကဏ္ဍလည်းဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါဖြစ်ပွားသည့်ကာလအတွင်း အစိုးရ၏ရောဂါပိုးကူးစက်မှုထိန်းချုပ်ရေး ကန့်သတ်ချက်များကြောင့် ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းမှာ ချည့်နဲ့လုနီးပါးအခြေအနေအထိရောက်ရှိသွားခဲ့သည်။ သို့သော် နိုင်ငံအတွင်းသို့ ခရီးသည်ဝင်ရောက်မှုနှုန်းသည် ယခုအခါ အစိုးရကသတ်မှတ်ထားသည့်ပမာဏထက် ကျော်လွန်လာခဲ့ပြီဖြစ်သည်။

အစိုးရသည် ၎င်းတို့သတ်မှတ်ထားသည့် ပမာဏပြည့်မြောက်သည့်အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများကို နိုင်ငံတစ်ဝန်းလုံးတွင် ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက ကျင်းပခဲ့သည်။ ယဉ်ကျေးမှုပြပွဲများကို နိုင်ငံအတွင်းရှိ လေဆိပ်ခုနစ်ခု၊ နယ်စပ်ဝင်ပေါက်နှစ်ခုတို့တွင်ကျင်းပခဲ့ပြီး လေဆိပ်များမှတစ်ဆင့် နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ပြည်ပနိုင်ငံများမှ ခရီးသွားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုရရှိခဲ့သော အောင်မြင်မှုဖြင့်သာ ကျေနပ်နေမည်မဟုတ်ဘဲ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် နိုင်ငံတကာမှခရီးသွားများအား ကြိုဆိုရန်အသင့်ရှိနေသည့် တစ်ကမ္ဘာလုံးဆိုင်ရာ လည်ပတ်ရေးနေရာတစ်ခုဖြစ်ကြောင်း၊ ပြည်ပမှခရီးသွားများ ယုံကြည်လာစေရန် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ကျင်းပသည့် ကြိုဆိုပွဲတွင် ဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသို့ ယခုနှစ်အတွင်းဝင်ရောက်လာသည့် ခရီးသွားဦးရေသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် ဝင်ရောက်လာသည့် ပမာဏနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ခန့်မြင့်တက်လာသည်ကိုတွေ့ရမည်ဖြစ်သည်။ နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ခရီးသွားဦးရေမြင့်တက်လာခြင်းသည် ထိုင်းနိုင်ငံအတွက်ဝင်ငွေအဖြစ် ယခုနှစ်အကုန်ပိုင်းတွင် ဘတ် ၅၀၀ ဘီလီယံ (ဒေါ်လာ ၁၉ဘီလီယံကျော်)ကိုရရှိစေမည်ဖြစ်ကြောင်း ထိုင်းခရီးသွားလာရေးအာဏာပိုင်အဖွဲ့ကထုတ်ပြန်သည်။ ထို့ကြောင့် ခရီးသွားလာရေးလုပ်ငန်းသည် ယင်းနိုင်ငံ၏ အဓိကနိုင်ငံခြားငွေရှာဖွေပေးနေသည့် ကဏ္ဍကြီးတစ်ခုအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ခရီးသွားလာရေးကဏ္ဍမှ ရရှိသည့်ဝင်ငွေသည် ထိုင်းစီးပွားရေး၏ ၁၂ ရာခိုင်နှုန်းရှိပြီး နိုင်ငံ့စီးပွားရေး တိုးတက်မှုအတွက် အဓိကအထောက်အကူပြုနေသည့်ကဏ္ဍဖြစ်သည်။ နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံများမှ ခရီးသွားများ ပိုမိုဝင်ရောက်လာခြင်းသည် ထိုင်းနိုင်ငံအပေါ်ထားရှိသည့် အခြားနိုင်ငံများ၏ယုံကြည်မှုကိုပါ တိုးပွားလာစေသည်။ လာမည့် ၂၀၂၃ ခုနှစ်

တွင်လည်း နိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် ခရီးသွားဦးရေသည် သန်း ၂ဝ အထိ မြင့်တက်လာရန် ထိုင်းနိုင်ငံက မျှော်မှန်းထားသည်။ မျှော်မှန်းထားသည့် ပမာဏအတိုင်း ပြည်ပနိုင်ငံများမှ ခရီးသွားများဝင်ရောက်လာမည်ဆိုပါက ထိုင်းစီးပွားရေးအတွက် ဘတ် ၁ ဒသမ ၅ ထရီလီယံကို ဘဏ္ဍာငွေအဖြစ် ရှာဖွေပေးနိုင်မည်ဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမဖြစ်ပွားမီ ထိုင်းနိုင်ငံက ရရှိခဲ့သည့် ဘဏ္ဍာငွေစုစုပေါင်းအနက် ၈ဝ ရာခိုင်နှုန်းခန့်ကို ခရီးသွားလုပ်ငန်းမှရရှိခဲ့ခြင်းဖြစ်သောကြောင့် ခရီးသွားလာရေးကဏ္ဍသည် ယင်းနိုင်ငံအတွက် မည်မျှအရေးပါသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်ပခရီးသွားများအနက် အများဆုံးဝင်ရောက်လာသူများမှာ ရုရှားခရီးသွားများဖြစ်သည်။ ယခုနှစ်အောက်တိုဘာလ တစ်လအတွင်းမှာပင် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ရုရှားခရီးသွားဦးရေမှာ ၄၄၇ဝဝ ကျော်အထိပြန်လည်မြင့်တက်လာခဲ့သည်။ ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုနှုန်းလျော့ကျလာပြီးနောက်ပိုင်းတွင် မော်စကိုနှင့်ဖူးခက်သို့ တိုက်ရိုက်ပျံသန်းသည့် လေကြောင်းခရီးစဉ်ကို ပြန်လည်ခွင့်ပြုပေးရန်စီစဉ်ခဲ့ရာ ထိုင်းနိုင်ငံသို့ဝင်ရောက်လာမည့် ခရီးသွားဦးရေသည် ပိုမိုမြင့်တက်လာမည့်အလားအလာရှိသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံ၏ခရီးသွားလာရေးကဏ္ဍ တိုးတက်လာစေရေးအတွက်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများက ပူးပေါင်းလုပ်ဆောင်ကြရန် ထိုင်းအစိုးရက တိုက်တွန်းထားသည်။ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာမူဝါဒများချမှတ်ရေးနှင့် စပ်လျဉ်း၍အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများအနေဖြင့် ပိုမိုပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ပြီး ယင်းသို့ပူးပေါင်းလုပ်ဆောင်ခြင်းသည် နိုင်ငံ၏ခရီးသွားလာရေးလုပ်ငန်းအတွက် အရေးပါကြောင်း ဖူးခက်ခရီးသွားလာရေးအဖွဲ့မှ အကြံပေးဥက္ကဋ္ဌ ဘူမီကီတီရက် တောင်နက တိုက်တွန်းထားသည်။ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ခရီးသွားဦးရေသည် အစိုးရက မျှော်မှန်းထားသည့် ပမာဏထက်ကျော်လွန်ခဲ့သော်လည်း လာမည့်နှစ်အတွင်းဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ထိုင်းအစိုးရက ကြိုတင်ပြင်ဆင်လျက်ရှိသည်။

အထူးသဖြင့် တရုတ်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုများသည် နိုင်ငံ၏ခရီးသွားလာရေး ကဏ္ဍအပေါ် သက်ရောက်လာပြီး နိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် တရုတ်နိုင်ငံသားခရီးသွား အရေအတွက် ကျဆင်းလာမည်ကိုလည်း ထိုင်းအာဏာပိုင်များကစိုးရိမ်လျက်ရှိသည်။

ထို့ပြင်လောင်စာဆီဈေးနှုန်းများမြင့်တက်လာခြင်းနှင့် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့် ပဋိပက္ခများကြောင့် ခရီးသွားလာရေးအပေါ် ငွေကြေးသုံးစွဲခြင်းအားထိခိုက်လာမည်ကို စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ တရုတ်နိုင်ငံသည် လက်ရှိတွင်နိုင်ငံအတွင်းရောဂါကူးစက်မှု လုံးဝပပျောက်သည့်အထိ ထိန်းချုပ်ရန်ဆုံးဖြတ်ထားပြီး တင်းကျပ်သည့်ထိန်းချုပ်မှုများကိုချမှတ်ထားခဲ့သည်။ အကယ်၍ အခြားနိုင်ငံများတွင် ရောဂါပိုးကူးစက်မှုပြန်လည်ဖြစ်ပွားပါက ယင်းနိုင်ငံများမှ ဝင်ရောက်လာသည့် ခရီးသွားဦးရေ ကျဆင်းသွားနိုင်သည်။

တရုတ်ခရီးသွားများသည် ထိုင်းနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်မှု အများဆုံးဖြစ်သည့်နိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမဖြစ်ပွားမီက တရုတ်နိုင်ငံမှခရီးသွား ၁ဝ သန်းကျော် ဝင်ရောက်လာခဲ့သည်။

ထို့ကြောင့် ထိုင်းအာဏာပိုင်များသည် နိုင်ငံအတွက် ဘဏ္ဍာငွေရှာဖွေပေးနေသည့်အပြင် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သော ခရီးသွားလာရေးကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Source:** https://www.myawady.net.mm/node/34088

## မလေးရှားနိုင်ငံတွင် စားအုန်းဆီလက်ကျန် ၄ ဒသမ ၉၈ ရာခိုင်နှုန်းကျဆင်း

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်သည် နိုဝင်ဘာလအတွင်းက တန်ချိန် ၂ ဒသမ ၂၉ သန်းသာရှိခဲ့ခြင်းကြောင့် အောက်တိုဘာလအတွင်း စားအုန်းဆီလက်ကျန်နှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၉၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရားဝင်အချက်အလက်များက ဒီဇင်ဘာ ၁၃ ရက်တွင် ဖော်ပြထားသည်။



https://www.foodindustrydirectory.com.mm

မလေးရှားနိုင်ငံ စားအုန်းဆီဘုတ်အဖွဲ့က ထုတ်ပြန်သည့် အချက်အလက်များအရ မလေးရှားနိုင်ငံ၏ နိုဝင်ဘာလအတွင်း စားအုန်းဆီထုတ်လုပ်မှုသည် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၃၃ ရာခိုင်နှုန်း လျော့ကျမှု ရှိခဲ့ကြောင်းနှင့် စားအုန်းဆီတန်ချိန် ၁ ဒသမ ၆၈ သန်းအထိ ကျဆင်းမှုရှိခဲ့ကြောင်းသိရသည်။

သို့ရာတွင် မလေးရှားနိုင်ငံသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက စားအုန်းဆီတင်ပို့မှုထက် သုညဒသမ ၈၂ ရာခိုင်နှုန်းအထိ တိုးမြှင့်တင်ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Source: The Mirror**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5465-malaysia-s-cooking-oil-balance-decreased-by-4-98-percent.html

## STOCK EXCHANGE (16.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 698 (Shares) | 2,230,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 9,100 | 0 | 0 | 33,109,694 | 301,298 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 424 | 1,379,200 | 38,929,150 | 126,520 |
| MCB | 00003 | 7,700 | +100 | +1.32% | 7,700 | 7,700 | 7,700 | 2 | 15,400 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +500 | +2.63% | 19,500 | 19,500 | 19,500 | 3 | 58,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 235 | 611,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 34 | 166,600 | 10,497,598 | 51,438 |


### Market summary

As of 16th Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.41 | +0.19 | +0.05% | 399.22 | 400.53 | 398.11 | 698 | 2,230,700 | 7 | 694,828 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 16th Dec. 2022

| Trading Volume | Trading Value |
|---|---|
| 698 (Shares) | 2,230,700 (MMK) |

### Main Board

As of 1:00 pm, 16th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 698 (Shares) | 2,230,700 (MMK) |

| MYANPIX | 399.41 ▲ 0.19 |
|---|---|
| Total Volume (shares) | 698 |
| Total Value (MMK) | 2 mil |
| Listed Company | 7 |
| Market Cap. (MMK) | 694,828 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 100 |
| FPB | 00004 | 19,500 | ▲ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR